## "Heart နှင့် ပတ်သက်သော အီဒီယမ်များ အပိုင်း (၂)"

ယခင် တစ်ပတ်က ရေးသားခဲ့သော Heart နှင့် ပတ်သက်သော အီဒီယမ် အသုံးအနှုန်းများကို ဆက်လက် ဖော်ပြလိုက် ပါသည်။

**11. give sb (fresh) heart [IDM] – အားပေးသည်**

I always *give my friend fresh heart* when she feels sorry.

ကျွန်တော့်သူငယ်ချင်း ဝမ်းနည်းနေတဲ့အချိန်မှာ ကျွန်တော် အမြဲ အားပေးတယ်။

**12. give one's heart to sb/ sth [IDM] – တစ်စုံတစ်ယောက်၊ တစ်စုံတစ်ရာကို နှစ်နှစ်ကာကာ ချစ်သည်။**

I *give my heart to her* forever.

ကျွန်တော့် နှစ်လုံးသားက သူ့ကို တစ်သက်လုံးအတွက် နှစ်နှစ်ကာကာ ချစ်တယ်။

**13. have sth at heart [IDM] – အကျိုးလိုလားသည်။**

He *has your interests at heart*.

သူက မင်းအကျိုးလိုလားတယ်။ (ဆိုလိုသည်မှာ မင်းကို အောင်မြင်၊ ပျော်ရွှင် စေချင်တယ်။)

**14. have the heart (to do sth) [IDM] – ...... ရက်သည်။**

(အများအားဖြင့် အငြင်းဝါကျနှင့် မေးခွန်းဝါကျများတွင် Can, Could စသည်တို့ဖြင့် တွဲကာသုံးသည်။)

I *haven't the heart to* refuse her requests.

သူ့ရဲ့ တောင်းဆိုချက်တွေကို ကျွန်တော် မငြင်းရက်ပါ။

**15. have one's heart in one's mouth [IDM] – နှလုံးတုန်သည်။**

*My heart has in my mouth*.

ကျွန်တော့် နှလုံးတွေ တုန်တယ်။

**16. have a big heart [IDM] – ရက်ရက်ရောရော ကြင်ကြင်နာနာ ကူညီတတ်သူ။**

He *has a big heart* and he always helps other people.

သူက ရက်ရောသလို ကြင်နာတတ်တော့ သူတစ်ပါးကို အမြဲကူညီတယ်။

**17. have a heart - to – heart talk with sb [IDM] – ရင်ဘတ်ချင်းဆက်ပြီး စကားပြောသည်။**

I *have a heat - to - heart talk with* my girl friend every night on the phone.

ကျွန်တော့်ကောင်းမလေးနဲ့ ကျွန်တော် ညတိုင်း ဖုံးထဲမှာ ရင်ဘတ်ချင်းဆက်ပြီး စကားပြောတယ်။

**18. have one's heart set on sth [IDM] – အလွန် လိုလား တောင့်တသည်။**

I *have my heart set on* going for a trip with my girlfriend during the summer holidays.

နွေရာသီ ပိတ်ရက်မှာ ကောင်မလေးနဲ့အတူ ခရီးသွားဖို့ အရမ်းတောင့်တတယ်။

**19. heart and soul [IDM] – စိတ်ရော ကိုယ်ပါ၊ စိတ်ပါလက်ပါ**

I devote myself *heart and soul* to my work.

ကျွန်တော့်ရဲ့အလုပ်ကို ကျွန်တော်က စိတ်ရောကိုယ်ပါ ဘဝတစ်ခုလုံး မြှုပ်နှံထားတယ်။

**20. heart bleeds for sb [IDM] – ဂရုဏာသက်သည်။**

My *heart bleeds for* the children who lost their parents.

မိဘမဲ့ကလေးတွေကို ကျွန်တော် ဂရုဏာသက် တယ်။

(ဆက်လက်ဖော်ပြပါမည်)

"အင်္ဂလိပ်ဘာသာစကား လေ့လာသူတိုင်း အင်္ဂလိပ်စာအရည်အသွေး တိုးတက်မြင့်မားကြပါစေ ..........."

အောင်ကိုဦး(UMK)